# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# ပထမနေ့မှတ်တမ်း

## ၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်
## (၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကို နံနက် ၁၀း၀၀နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကျော်စိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန် ၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ပထမနေ့ အစီအစဉ်များ စတင်ပါတော့မယ်။

ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၊ နည်းဥပဒေခွဲ(က)အရ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ကျွန်တော် ဦးကျော်စိုးက အခမ်းအနားမှူးအဖြစ်ဆောင်ရွက်မှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

# တပ်မတော်သားပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ခ) အရ ကတိသစ္စာမပြုရသေးသော တပ်မတော်သားပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦး ဥက္ကဋ္ဌရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမှာဖြစ်ပါတယ်။ ကျွန်တော်က ကတိသစ္စာကိုတိုင်ပေးတဲ့အခါ တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်က လိုက်ဆိုဖို့ဖြစ်ပါတယ်။ ယခု ကတိသစ္စာပြုပါမယ်။ အစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်အားလုံး မတ်တတ်ရပ်ပေးဖို့ဖြစ်ပါတယ်။

**[**ဥက္ကဋ္ဌက အောက်ပါအတိုင်း ကတိသစ္စာကိုတိုင်ပေး၍ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမင်းကိုဦးက ကတိသစ္စာပြုပါသည်။**]**

"ကျွန်ုပ် ဗိုလ်မှူးမင်းကိုဦးသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီး ဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိ ရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဥ်ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ထို့ပြင် ယခု ကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာကတိသစ္စာပြုပါသည်။"

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီ။

**အခမ်းအနားမှူး**။ ။ယခု ဥက္ကဋ္ဌရဲ့ရှေ့မှောက်မှာ တပ်မတော်သားပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်က ကတိသစ္စာပြုလွှာပေါ်တွင် မိမိရဲ့အမည်၊ ရာထူးကိုရေးသားပြီး လက်မှတ်ရေးထိုးဖို့ဖြစ်ပါတယ်။ အစည်းအဝေးအပြီးမှာ လွှတ်တော်ရုံးသို့ ကတိသစ္စာပြုလွှာကိုအပ်နှံရန်ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၃၉၅ ဦး ရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို ၃၈၉ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေစုစုပေါင်းရဲ့ ၉၈.၄၈ ရာခိုင်နှုန်းရှိတဲ့အတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၉ နဲ့ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ (က) နှင့် (ဂ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များ ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၁) အရ ခွင့်ပန်ကြားလိုတဲ့ ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူရမှာဖြစ်ပါ တယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**ဦးသန်းဝင်း(တောင်တွင်းကြီးမဲဆန္ဒနယ်)**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေး တိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်သည် ထိုင်းနိုင်ငံသို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလေ့လာရေးခရီးစဉ်သွားရောက်နေပါ၍ ၂၂-၈-၂၀၁၁ရက်နေ့မှ

၂၆-၈-၂၀၁၁ ရက်နေ့အထိ လွှတ်တော်အစည်းအဝေးတက်ရောက်ရန် ပျက်ကွက်ခြင်းကို ခွင့်ပြုပေးပါရန် ဦးအေးနိုင်၏ကိုယ်စား မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ကျွန်တော်ဦးသန်းဝင်းက ခွင့်တိုင်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုပါတယ်။

**ဦးကျော်နီနိုင်(လောက်ကိုင်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးကျန်တယ်ဝင်၊ ကုန်းကြမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး၏ဇနီးဖြစ်သူ ကျန်းမာရေး အခြေအနေကြောင့် ၂၂-၈-၂၀၁၁ (တနင်္လာနေ့) မှ ၂-၉-၂၀၁၁ (သောကြာနေ့)အထိ ပြည်သူ့လွှတ်တော်အစည်းအဝေး တက်ရောက်နိုင်ခြင်းမှ ခွင့်ပေးနိုင်ပါရန် ဦးကျန်တယ်ဝင်၏ကိုယ်စား ကျွန်တော် ဦးကျော်နီနိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လောက်ကိုင်မြို့နယ်မှ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုပါတယ်။

**ဗိုလ်မှူးကြီးတင့်ဆန်း(တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၁၈၈၄၁ ဗိုလ်မှူးကြီးတင့်ဆန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လေးစားစွာတင်ပြလိုသည်မှာ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ပြန်တမ်းဝင်အမှတ် ကြည်း ၃၁၅၉၄ ဗိုလ်မှူးကျော်စိုးမင်း၊ ပြန်တမ်းဝင်အမှတ် ကြည်း ၃၁၈၆၉ ဗိုလ်မှူးရန်နိုင်၊ ပြန်တမ်းဝင်အမှတ် ကြည်း ၃၁၈၇၂ ဗိုလ်မှူးရန်နိုင်ဝင်း၊ ပြန်တမ်းဝင်အမှတ် ကြည်း ၃၂၄၁၃ ဗိုလ်မှူးကျော်ကျော်ထက်တို့သည် ခြေလျင်တပ်ရင်းမှူးသင်တန်းသို့ တက်ရောက် လျက်ရှိပါသဖြင့် ပြည်သူ့လွှတ်တော် အစည်းအဝေး စတင်သည့် ၂၂-၈-၂၀၁၁ ရက်နေ့မှ အစည်းအဝေးပြီးဆုံးသည်အထိ တက်ရောက်နိုင်ခြင်းမရှိကြောင်းကို ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

**[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရေ ၃၉၅ ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ ၆ ဦးဖြစ်ပါ တယ်။ ခွင့်မဲ့ပျက်ကွက် သူမရှိပါ။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြု ပါသလားခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသူများအားလုံး ကိုယ်စိတ် နှစ်ပါး ကျန်းမာရွှင်လန်းကြပြီး မင်္ဂလာအပေါင်းနှင့် ပြည်စုံပါစေကြောင်း ဆုမွန်တောင်းရင်း နှုတ်ခွန်း ဆက်သလိုက်ပါတယ်။

ဒုတိယအကြိမ် လွှတ်တော်အစည်းအဝေးကြီး ယနေ့ယခုစပါပြီ။ အစည်းအဝေးအစမှ အဆုံးအထိ အများပြည်သူများအတွက်၊ နိုင်ငံတော်အတွက် အကျိုးရှိစေမည့် မေးခွန်းတွေ၊ အဆိုတွေ၊

ဥပဒေတွေ၊ဥပဒေကြမ်းတွေနှင့်အတူ ဆွေးနွေးညှိနှိုင်းမှုတွေပြုကြလိမ့်မယ်လို့ မျှော်လင့်ကြိုဆိုလျက်ပါ။ မေးခွန်းတွေ၊ အဆိုတွေ၊ ဥပဒေကြမ်းတွေတင်သွင်းဆွေးနွေးကြမယ့် ကိုယ်စားလှယ်များအပြင် အထူး ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ စတုတ္ထမဏ္ဍိုင်မှ သတင်းမီဒီယာများပါ ရောက်ရှိနေကြ တာကြောင့် ဒီမိုကရေစီစနစ်ပီပြင်စွာ ဖြစ်ထွန်းစေသော အင်္ဂါများစုံညီစွာ ပါဝင်လာပြီလို့ ပြောရမှာ ဖြစ်ပါတယ်။ သတင်းမီဒီယာများအပါအဝင် အများပြည်သူများနှင့်နိုင်ငံတကာက ဝေဖန်အကြံပြုမှုများ ကိုလည်း မိမိတို့ ခံယူသွားကြရမှာဖြစ်ပါတယ်။

ပါလီမန်က ဥပဒေပြုရေးနှင့်အုပ်ချုပ်ရေးအာဏာ ရယူကျင့်သုံးဆောင်ရွက်နေတဲ့လုပ်နည်းစနစ် နှင့်မတူဘဲ သမ္မတက အုပ်ချုပ်ရေးအာဏာကျင့်သုံးပြီး လွှတ်တော်က ဥပဒေပြုအာဏာရယူ ဆောင်ရွက်နေတဲ့ မိမိတို့နိုင်ငံရဲ့လွှတ်တော်ဖွဲ့စည်းမှု၊ လွှတ်တော်၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ လွှတ်တော်ကော်မတီနှင့် ကော်မရှင်များ၊အဖွဲ့များ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များနှင့် အညီဆောင်ရွက် သွားကြရမှာဖြစ်ပါတယ်။

အတိတ်က သင်ခန်းစာများကိုရယူပြီး ယနေ့မျက်မှောက်ကာလမှာ ဆောင်ရွက်သင့်တဲ့ကိစ္စ များကို မိမိတို့အားလုံးက ရဲရဲဝံ့ဝံ့၊ သတ္တိရှိရှိ၊ ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်မှာအရည်အချင်းရှိဖို့ လိုပါတယ်။ ခိုင်မာတောင့်တင်းဖို့လည်းလိုပါတယ်။ ခိုင်မြဲ အောင်တည်ဆောက်နေဖို့လည်းလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်အသီးသီး အရည်အချင်း တိုးတက်မြင့်မားနေအောင်ပုံစံမျိုးစုံဖြင့် လေ့ကျင့်နေရန်လိုအပ်သလို စည်းလုံးညီညွတ်စွာရှိနေစေရေး အတွက် တစ်ဦးနှင့်တစ်ဦး နားလည်လေးစားကြရန်နှင့် ပြုမူဆောင်ရွက်ကြဖို့လည်းလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့်ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲများမထားရှိတော့ဘဲ အများပြည်သူအကျိုး၊ ပြည်ထောင်စုအကျိုး၊ နိုင်ငံတော်အကျိုးအတွက် ဆောင်ရွက်ကြမယ်လို့ခံယူ ပြောဆိုပြုမူ ဆောင်ရွက်နေကြတာကို တွေ့ရတဲ့အတွက်လည်း ဝမ်းမြောက်ဂုဏ်ယူကြရမှာဖြစ်ပါတယ်။

တကယ်တော့ လွှတ်တော်များဟာ ဒီမိုကရေစီ၏ အသွင်သဏ္ဍာန်နှင့်အနှစ်သာရများ စုစည်းတည် ရှိရာအဖွဲ့အစည်းဖြစ်သလို အာဏာများကိုလည်း မျှတစွာခွဲဝေကျင့်သုံးစေသော အဖွဲ့အစည်းကြီးလည်းဖြစ် ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူများရဲ့သဘောဆန္ဒများကို လွှတ်တော်သို့ သယ်ဆောင် လာကြပြီး မေးခွန်းများ၊ အဆိုများနှင့် ဥပဒေကြမ်းများအဖြစ် မေးမြန်း၊ ဆွေးနွေး၊ ညှိနှိုင်း ဆုံးဖြတ်ကြရာ မှာလည်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားဖြစ်ထွန်းစေသော ဥပဒေများနှင့် နိုင်ငံတော်နှင့်

နိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သောဥပဒေများ အလျင်အမြန်ဖြစ်ပေါ်လာရန်လိုအပ်နေပါတယ်။ ထို့အတူ နိုင်ငံသားများရဲ့ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရေးအတွက်လည်း ဆောင်ရွက်ပေးရမယ့် အဓိက အဖွဲ့အစည်းလည်း ဖြစ်ပါတယ်။

လွှတ်တော်ဟာ လွှတ်တော်က ပြဋ္ဌာန်းပေးလိုက်သောဥပဒေများကို ထပ်ဆင့်ထုတ်ပြန်ခွင့် အပ်နှင်းခြင်းခံရသော အဖွဲ့အစည်းအသီးသီး၏ ထုတ်ပြန်သော ဥပဒေများဖြစ်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ ကြော်ငြာစာ၊ လုပ်ထုံးလုပ်နည်း၊ လက်စွဲများသည် မူလလွှတ်တော်က ပြဋ္ဌာန်းခဲ့သောဥပဒေနှင့် ညီညွတ်မှု ရှိ၊ မရှိ ဆန်းစစ်နေရမှာ ဖြစ်သလို နိုင်ငံတော်အတွင်းရှိ အဖွဲ့အစည်းများနှင့် နိုင်ငံသားအားလုံးက လိုက်နာကျင့်သုံးရေးနှင့် အပြန်အလှန် ထိန်းညှိကူညီ ဆောင်ရွက်ရေးအတွက် ပါဝင်ပေးရမှာဖြစ်ပါတယ်။

ထိုတာဝန်များကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော လွှတ်တော်ကော်မတီများ၊ ကော်မရှင်များနှင့် အဖွဲ့များက အဓိကထမ်းဆောင်ရမှာ ဖြစ်ပါတယ်။ တာဝန်များကျေပွန်စေရေးအတွက် မွန်မြတ်သောစေတနာနှင့် ပြည့်ဝသောအရည်အချင်းများရှိကြရန်နှင့်လုပ်နည်းလုပ်ဟန်များ မှန်ကန်ရန်လည်း လိုအပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူ့သဘောထားနှင့် ပြည်သူ့မျှော်လင့်ချက်များကို အလေးထားဆန်းစစ် သုံးသပ်ဝေဖန်ပြီး လက်တွေ့နယ်ပယ်တွင် ပြည်သူ့အကျိုးအတွက်၊ နိုင်ငံတော်အကျိုးအတွက် ဖြစ်ထွန်းစေမည့်ဥပဒေများ အမြန်ပေါ်ထွန်းရေးနှင့် ထိုဥပဒေများနှင့်အညီ နိုင်ငံသားအားလုံး၊ ပြည်သူအားလုံးနှင့် အဖွဲ့အစည်းအားလုံးက လိုက်နာကျင့်သုံးရေးအတွက် ထိန်းညှိကူညီဆောင်ရွက်ရန် လွှတ်တော်တွင်တာဝန်ရှိပါတယ်။

ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့တာဝန်ကိုသိရှိပြီး ထိုတာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြရမှာဖြစ်ပါတယ်။ သို့မှသာ နိုင်ငံတော်နှင့် နိုင်ငံသားများကို သစ္စာရှိရာ ရောက်မှာဖြစ်ပါတယ်။ တာဝန်ကျေသော၊ သစ္စာရှိသော လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ပြုမူဆောင်ရွက်သွားကြပါရန် အလေးအနက်ထားတင်ပြတိုက်တွန်းလိုက်ပါတယ်။(သြဘာသံများ)

# ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးနှင့် ဒုတိယပုံမှန် အစည်းအဝေး ကြားကာလအတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်သို့ တင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀ း ၂၉။**

**၂၄-၆-၂၀၁၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများ၊ သတင်းနှင့် စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များအား တွေ့ဆုံပြောကြားချက်**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော့်အနေနဲ့ ၂၀၁၁ခုနှစ်၊ ဇွန်လ ၂၄ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီးအတွင်း လွှတ်တော်အစည်းအဝေးခန်းမမှာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ သတင်းနှင့်စာနယ်ဇင်းမှ ပုဂ္ဂိုလ်များကို တွေ့ဆုံပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှာ ဆောင်ရွက်နိုင်ခဲ့မှု အခြေအနေများ၊ အစည်းအဝေးအပြီးကာလမှာ ကော်မတီများနဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ဆောင်ရွက်မှုအခြေအနေများ၊ လွှတ်တော်အစည်းအဝေး ခေါ်ယူကျင်းပမည့်အခြေအနေ၊ အကြောင်းအရင်းများနဲ့ စပ်လျဉ်းပြီး အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပါတယ်။ အဲဒီရှင်းလင်းပြောကြားချက်များကို ရေဒီယို၊ ရုပ်မြင်သံကြားသတင်းနဲ့ သတင်းစာများမှာလည်း ဖော်ပြပြီးဖြစ်ပါတယ်။ ယခုလည်း စာအုပ်ပြုစုပြီး လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားသလို လွှတ်တော်အနေနဲ့လည်း မှတ်တမ်းတင်ထားရှိဖို့ လိုပါတယ်။

**ရုရှားဖက်ဒရေးရှင်းနိုင်ငံ (State Duma) လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. B. V Gryzlov ၏ ဖိတ်ကြားချက်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ၂၅-၆-၂၀၁၁ မှ ၂-၇-၂၀၁၁ ရက်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်**

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အောက်လွှတ်တော်(State Duma)ဥက္ကဋ္ဌရဲ့ ဖိတ်ကြားချက်အရ ကျွန်တော်ဦးဆောင်ပြီး အဖွဲ့ဝင်

လွှတ်တော်ကိုယ်စားလှယ် ၉ ဦးပါဝင်တဲ့ လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ဟာ ၂၀၁၁ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့မှ ဇူလိုင်လ ၂ ရက်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပါတယ်။ အဲဒီလို သွားရောက်ခဲ့ရာမှာ ဇွန်လ ၂၇ ရက်နေ့မှာ အောက်လွှတ်တော်(State Duma)ဥက္ကဋ္ဌနဲ့ တွေ့ဆုံဆွေးနွေးခြင်း၊ ဇွန်လ ၂၈ ရက်နေ့မှာ အထက်လွှတ်တော် (Federation Council) ဒုတိယဥက္ကဋ္ဌနှင့်တွေ့ဆုံဆွေးနွေးခြင်း၊ ဇွန်လ ၃၀ရက်နေ့မှ စိန့်ပီတာစဘတ်မြို့တော် ဥပဒေပြုလွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့နှင့် တွေ့ဆုံဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ပါတယ်။ ဒီလို ချစ်ကြည်ရေးခရီး သွားရောက်ခဲ့တဲ့အတွက် လွှတ်တော်များအချင်းချင်း အမြင်ချင်းဖလှယ်မှုများ၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ချစ်ခင်ရင်းနှီးမှု တိုးတက်ခိုင်မာရေးအတွက် ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းများရရှိခဲ့သလို ရုရှားဖက်ဒရေးရှင်းနိုင်ငံ အောက်လွှတ်တော်(State Duma)၊ အထက်လွှတ်တော် (Federation Council)နှင့် စိန့်ပီတာစဘတ်မြို့ ဥပဒေပြုလွှတ်တော်များရဲ့ ဖွဲ့စည်းမှု၊ တာဝန်၊ လုပ်ပိုင်ခွင့်များ၊ လွှတ်တော်အသီးသီးရဲ့ ပညာရပ်ဆိုင်ရာ အထောက်အကူပြုအဖွဲ့များ စီမံခန့်ခွဲမှုနဲ့ အုပ်ချုပ်မှုဆိုင်ရာ အထောက်အကူပြုအဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်မှုလုပ်ငန်းဆိုင်ရာ ဆက်သွယ်ဆောင်ရွက်မှုများကို လေ့လာခွင့်ရရှိခဲ့ပါတယ်။ ဒီချစ်ကြည်ရေးခရီးစဉ်ကိုလည်း လွှတ်တော်မှာ မှတ်တမ်းတင်ထားရှိရန် လိုအပ်ပါတယ်။

**မြစ်ကြီးနားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်၏ ကချင်ပြည်နယ်အတွင်း တပ်မတော်နှင့် KIA အကြား ပစ်ခတ်မှုရပ်ဆိုင်း၍ တည်ငြိမ်အေးချမ်းမှု ဖော်ဆောင်နိုင်ရေး ဆောင်ရွက်ချက်**

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးရဲ့ ငြိမ်းချမ်းရေး ကြိုးပမ်းလုပ်ဆောင်မှုတစ်ခုကို တင်ပြလိုပါတယ်။ မြစ်ကြီးနားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်ဟာ စည်းရုံးရေးနှင့် ဒေသဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရန် မြစ်ကြီးနားမြို့သို့ ၂၀၁၁ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့မှာရောက်ရှိခဲ့ပါတယ်။ အဲဒီအချိန်မှာ တပ်မတော်နဲ့ KIA အကြားပစ်ခတ်မှုများဖြစ်ပွားလျက်ရှိတာကြောင့် ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိရေးအတွက် ဆောင်ရွက်ပေးရန်လိုအပ်တဲ့ အခြေအနေရှိကြောင်း သိရှိခဲ့ရပါတယ်။ ဒါကြောင့် ဇွန်လ ၁၅ ရက်နေ့မှာ KIO ဒုတိယဥက္ကဋ္ဌဟောင်း ဒေါက်တာမနမ်တူးဂျာနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ဇွန်လ ၁၆ ရက်နေ့မှာ ဒေသခံဆရာတော်ကြီးထံ သွားရောက်ဖူးမျှော်လျှောက်ထားခြင်း၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်

ဝန်ကြီးများနှင့်တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အမြန်စတင်နိုင်ရေး လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များဆွေးနွေးခြင်း၊ အပစ်အခတ်ရပ်စဲရေးကိစ္စ သွားရောက်တောင်းဆိုမည့် ကိုယ်စားလှယ်အဖွဲ့အားတွေ့ဆုံပြီး ဆောင်ရွက်ရမည့်ကိစ္စများ ညှိနှိုင်းခြင်းများဆောင်ရွက်ပေးခဲ့ပါတယ်။ ဇွန်လ ၁၇ ရက်မှာပြည်နယ်ဝန်ကြီးချုပ်၊ ပြည်ခိုင်ဖြိုးပါတီ ကော်မတီဝင်များနှင့်တွေ့ဆုံ၍ တိုက်ပွဲနှင့်မိုင်းခွဲမှုများကြောင့်ထွက်ပြေးတိမ်းရှောင်လာသူများအား စားနပ်ရိက္ခာနှင့် လူမှုရေးကူညီစောင့်ရှောက်ပေးရေးကိစ္စများ၊ ဒဏ်ရာရ တပ်မတော်သားများအား တွေ့ဆုံအားပေးရေးကိစ္စများ၊ ပြည်သူများအားကာကွယ်စောင့်ရှောက်ရေးကိစ္စများဆောင်ရွက်ခြင်း၊ လိုင်ဇာ KIA စခန်း၌ မိမိဘက်မှ ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံစဉ် KIA အဖွဲ့မှ တောင်းဆိုသော အချက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာသို့ တင်ပြလမ်းညွှန်မှုခံယူကာ ညှိနှိုင်းစာရေးသားပြုစုပြန်ကြားခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ ၁၈ ရက်နေ့မှာ ဦးဆင်ဝါးနော်ခေါင်းဆောင်တဲ့ ကချင်အမျိုးသားအတိုင်ပင်ခံအဖွဲ့မှ ကိုယ်စားလှယ်များနှင့် လက်ခံတွေ့ဆုံခြင်း၊ ကိုယ်စားလှယ်အဖွဲ့နှင့်အတူပါရှိလာတဲ့ KIO ဥက္ကဋ္ဌ ဦးဇောင်းဟရားထံမှ ပေးပို့သောစာကိုလက်ခံခြင်းနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုမှာကြားခြင်းများ ဆောင်ရွက်ပြီးနေပြည်တော်ကို ပြန်လည်ရောက်ရှိခဲ့ပါတယ်။ ဇွန်လ ၁၉ ရက်နေ့မှာတော့ KIO ဥက္ကဋ္ဌ ဦးဇောင်းဟရားစာနဲ့ပတ်သက်ပြီး သက်ဆိုင်ရာများကိုတင်ပြပြီး ပြန်ကြားစာကို E-mail ဖြင့် ညတွင်းချင်းပေးပို့ခဲ့ပါတယ်။ ဦးသိန်းဇော်အနေနဲ့ သူ့ရဲ့လုပ်ဆောင်ချက်တွေကို ကျွန်တော့်ထံသို့ တင်ပြအစီရင်ခံခဲ့ပါတယ်။ ဒီဖြစ်စဉ် များနဲ့ပတ်သက်ပြီး ၁၃-၈-၂၀၁၁ ရက်မှာ ပြုလုပ်ခဲ့တဲ့သတင်းစာရှင်းလင်းပွဲမှာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးကလည်း အသေးစိတ်ရှင်းလင်း တင်ပြခဲ့ပြီးဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်ရဲ့ ဆောင်ရွက်ချက်တွေဟာ တပ်မတော်နှင့်KIA အကြားပစ်ခတ်မှုရပ်ဆိုင်းပြီး ဒေသအတွင်းတည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိစေရန် ကြိုးပမ်းဆောင်ရွက်ချက်များပဲဖြစ်ပါတယ်။ ဒီလိုတာဝန်သိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးရဲ့ဆောင်ရွက်ချက်ကို လွှတ်တော်က မှတ်တမ်းတင်ထားရန် လိုအပ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်ပနိုင်ငံအစိုးရနှင့် လွှတ်တော်အကြီးအကဲများထံသို့ ပေးပို့သောဝမ်းမြောက်ကြောင်း သဝဏ်လွှာများ

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေးမတိုင်မီကာလအတွင်းမှာ ပြည်ပနိုင်ငံအစိုးရနှင့် လွှတ်တော်အကြီးအကဲများထံကို

ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အောက်ပါအတိုင်း ပေးပို့ခဲ့မှုနဲ့စပ်လျဉ်းပြီး သိရှိမှတ်တမ်းတင် နိုင်ရန်လွှတ်တော်သို့တင်ပြပါ့မယ်-

(၁) လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ (Mr. Chummaly Sayasone)ထံသို့ ၂၀၁၁ ခုနှစ် မှ ၂၀၁၅ ခုနှစ် အထိ ၅ နှစ်သက်တမ်းတွင် ပြန်လည်ရွေးချယ်တင်မြှောက်ခြင်းခံရတဲ့အတွက် ၂၀၁၁ ခုနှစ်၊ ဇွန်လ ၂၃ ရက်တွင် ပေးပို့သောသဝဏ်လွှာ။

(၂) လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမားဗောင် (Mr. Thongsing Thammavong)ထံသို့ ၂၀၁၁ ခုနှစ် မှ ၂၀၁၅ ခုနှစ် အထိ ၅ နှစ်သက်တမ်းတွင် ပြန်လည်ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် ၂၀၁၁ ခုနှစ်၊ ဇွန် လ ၂၃ ရက်နေ့ တွင်ပေးပို့သော သဝဏ်လွှာ။

(၃) လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မစ္စပန်နီယာသိုတို (Mrs. Pany Yathortou)ထံသို့ ၂၀၁၁ခုနှစ် မှ ၂၀၁၅ခုနှစ် အထိ ၅ နှစ်သက်တမ်းတွင် ပြန်လည် ရွေးချယ် တင်မြှောက်ခြင်းခံရသည့်အတွက် ၂၀၁၁ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့တွင် ပေးပို့သော သဝဏ်လွှာ။

(၄) ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ ၂၀၁၁ အတွက် Inter-Parliamentary Union (IPU)သို့ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့တွင် ပေးပို့သောသဝဏ်လွှာ။

(၅) ဗီယက်နမ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ Mr. Nguyen Sinh Hung ထံသို့ (၁၃) ကြိမ်မြောက် အမျိုးသားလွှတ်တော် ပထမအစည်းအဝေးတွင် ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခံရခြင်းအတွက်၂၀၁၁ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့တွင်ပေးပို့သောသဝဏ်လွှာများဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နေရာ(၄၀)လစ်လပ်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးကာလနဲ့ ဒုတိယပုံမှန်အစည်းဝေးကြားကာလမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နေရာလစ်လပ်မှုများကို တင်ပြပါမယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၆၃ အရ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူ ၂ ဦး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂၊ ပုဒ်မခွဲ (ဈ) အရ ပြည်ထောင်စုဝန်ကြီးအဖြစ်ခန့်အပ်

တာဝန်ပေးခြင်းခံရသူ ၂၂ ဦး၊ ဖွဲ့စည်းပုံအခြေခံဥပဒပုဒ်မ ၂၄၂၊ ပုဒ်မခွဲ (င)အရ ပြည်ထောင်စု စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခံရသူ ၁ ဦး ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄ ၊ ပုဒ်မခွဲ (စ) အရ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခံရသူ ကိုယ်စားလှယ် ၇ ဦး၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဆ)အရ လွှတ်တော်ကိုယ်စားလှယ်များအဖြစ်မှနုတ်ထွက်သည့် ကိုယ်စားလှယ် ၅ ဦး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၅၊ ပုဒ်မခွဲ (ဃ) အရ နေပြည်တော်ကောင်စီဝင်အဖြစ်ခန့်အပ် တာဝန်ပေးခြင်းခံရသူကိုယ်စားလှယ် ၁ ဦး၊ ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (စ) အရ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိသူ ၁ ဦး၊ ကွယ်လွန်အနိစ္စရောက်သူ ၁ ဦး၊ စုစုပေါင်း လွှတ်တော်ကိုယ်စားလှယ် နေရာ(၄၀)လစ်လပ် လျက်ရှိကြောင်းနဲ့ လစ်လပ်မှုစာရင်း ကိုကိုယ်စားလှယ်များထံဖြန့်ဝေထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အထက်ပါ တင်ပြချက်များနှင့် စပ်လျဉ်းပြီး မှတ်တမ်းတင်နိုင်ရန် လွှတ်တော်ရဲ့ ဆန္ဒရယူလိုပါတယ်။ အထက်ပါတင်ပြခဲ့တဲ့ -

(က) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌရဲ့ ၂၄-၆-၂၀၁၁ ရက်နေ့တွင်ပြောကြားချက်၊

(ခ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ခေါင်းဆောင်တဲ့ မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ခရီးစဉ်၊

(ဂ) မြစ်ကြီးနားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်၏ ဒေသတွင်း တည်ငြိမ်အေးချမ်းမှုရရှိရေး လုပ်ဆောင်ချက်၊

(ဃ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့မှု၊

(င) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၀ လစ်လပ်မှုအခြေအနေ တင်ပြချက်များကို မှတ်တမ်းတင်ရန်အတွက် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် -

(က) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌရဲ့ ၂၄-၆-၂၀၁၁ ရက်နေ့တွင်ပြောကြားချက်၊

(ခ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ခေါင်းဆောင်တဲ့ မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ခရီးစဉ်၊

(ဂ) မြစ်ကြီးနားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်ရဲ့ ဒေသတွင်း တည်ငြိမ်အေးချမ်းမှုရရှိရေး လုပ်ဆောင်ချက်၊

(ဃ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့မှုနဲ့
(င) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နေရာ (၄၀) လစ်လပ်မှု စတဲ့ တင်ပြချက် ၅ ခုကို ပြည်သူ့လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းတင် ကွယ်လွန်အနိစ္စရောက်ခြင်းအတွက် ဝမ်းနည်းကြောင်း အဆိုတင်သွင်းခြင်းနှင့် မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းတင်သည် ၁၈-၇-၂၀၁၁ ရက်နေ့တွင် ကွယ်လွန် အနိစ္စရောက်ခဲ့ခြင်းအတွက် ကိုယ်စားလှယ်တစ်ဦးက ဝမ်းနည်းကြောင်း အဆိုကိုတင်သွင်းလိုကြောင်း လွှတ်တော်သို့တင်ပြထားပါတယ်။ အုတ်တွင်းမဲဆန္ဒနယ်မှ ဦးညီညီမြင့်အား အဆိုကို တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးညီညီမြင့် (အုတ်တွင်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညီညီမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ဝမ်းနည်းကြောင်း အဆိုတစ်ရပ်ကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းတင်ဟာ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့မှာ ကွယ်လွန်အနိစ္စရောက်ခဲ့ ပါတယ်။ ဦးဝင်းတင် ကွယ်လွန်အနိစ္စရောက်ကြောင်း ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၅၊ ၈၆ အရ ပြည်သူ့လွှတ်တော်၏ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၁၁ ဖြင့် ထုတ်ပြန်ထားပြီးဖြစ်ပါတယ်။ ဦးဝင်းတင်အနေနဲ့ ကျွန်တော်တို့ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်ခဲ့တဲ့အတွက် ဦးဝင်းတင် ကွယ်လွန်အနိစ္စရောက်ခြင်းအပေါ် ဝမ်းနည်းကြောင်း ပြည်သူ့လွှတ်တော်မှ မှတ်တမ်းတင်ပေးပါရန် အဆိုအား လေးနက်စွာတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုတင်သွင်းသွားတဲ့ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ် ရှိပါသလားခင်ဗျား။

**ဦးကြင်သိန်း (ပဲခူးမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြင်သိန်း ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းတင် ကွယ်လွန်အနိစ္စရောက်ခြင်းအတွက် ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးညီညီမြင့် တင်သွင်းသွားတဲ့ ဝမ်းနည်းကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းတင် ကွယ်လွန်အနိစ္စရောက်ခြင်းအတွက် ဤလွှတ်တော်က ဝမ်းနည်းကြောင်း မှတ်တမ်းတင်ပါတယ်။

## ကော်မတီနှင့်ကော်မရှင်များ တိုးချဲ့ဖွဲ့စည်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခု လွှတ်တော်ရဲ့ လုပ်ငန်း လိုအပ်ချက်အရ ပြီးခဲ့တဲ့လွှတ်တော်ပုံမှန်အစည်းအဝေးမှာ ဖွဲ့စည်းခဲ့တဲ့လွှတ်တော်ကော်မတီများအပြင် ကော်မတီနှင့်ကော်မရှင်များ တိုးချဲ့ဖွဲ့စည်းခြင်းကို တင်ပြဆောင်ရွက်သွားပါမယ်။ ဒီလို တိုးချဲ့ဖွဲ့စည်း ရာမှာကော်မတီများနဲ့ ကော်မရှင်များရဲ့ ဥက္ကဋ္ဌများကိုပါ တစ်ပါတည်းလျာထားသတ်မှတ် တာဝန်ပေး အပ်သွားမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၄ နဲ့ နည်းဥပဒေ ၇၉ တို့အရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသားလူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေးတို့အပြင် အခြားရေးရာကိစ္စများကို လေ့လာတင်ပြရန် လိုအပ်ပါက လွှတ်တော်ကော်မတီများကို လွှတ်တော် ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းနိုင်ခြင်းနှင့်အညီ ကော်မတီများတိုးချဲ့ဖွဲ့စည်းခြင်းကို အောက်ပါအတိုင်း လျာထားဆောင်ရွက်သွားမှာဖြစ်ပါတယ်-

(က) နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီကို ဥက္ကဋ္ဌအဖြစ် ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦးဖြင့်လည်းကောင်း၊

(ခ) တိုင်းရင်းသားရေးရာနှင့်ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီကို ဥက္ကဋ္ဌအဖြစ် မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးသိန်းဇော်ဖြင့်လည်းကောင်း၊

(ဂ) ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဥက္ကဋ္ဌအဖြစ် တောင်သာ မဲဆန္ဒနယ်မှ ဦးအောင်သောင်းဖြင့်လည်းကောင်း၊

(ဃ) စီမံကိန်းများနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု ကော်မတီကိုဥက္ကဋ္ဌအဖြစ်တွံတေးမဲဆန္ဒနယ် မှ ဦးစိုးသာဖြင့်လည်းကောင်း၊

(င) တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီကို ဥက္ကဋ္ဌအဖြစ် ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ်ဖြင့်လည်းကောင်း၊

(စ) နိုင်ငံတကာဆက်ဆံရေး ကော်မတီကို ဥက္ကဋ္ဌအဖြစ် ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးလှမြင့်ဦး ဖြင့်လည်းကောင်း၊

(ဆ) စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဥက္ကဋ္ဌအဖြစ် ခရမ်း မဲဆန္ဒနယ်မှ ဦးမောင်မောင်သိမ်းဖြင့်လည်းကောင်း၊

(ဇ) ပို့ဆောင်ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆိုင်ရာကော်မတီကို ဥက္ကဋ္ဌအဖြစ် အမ်း မဲဆန္ဒနယ်မှ ဦးသိန်းဆွေဖြင့်လည်းကောင်း၊

(ဈ) ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီကို ဥက္ကဋ္ဌအဖြစ် ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့် ဖြင့်လည်းကောင်း၊

(ည) စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီကို ဥက္ကဋ္ဌအဖြစ် ဖျာပုံမဲဆန္ဒနယ်မှ ဦးစိုးနိုင်ဖြင့်လည်းကောင်း၊

(ဋ) ရင်းနှီးမြှုပ်နှံမှုနှင့်စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဥက္ကဋ္ဌအဖြစ် မြိတ်မဲ ဆန္ဒနယ်မှ ဦးငွေးမြင့်ဖြင့်လည်းကောင်း၊

(ဌ) သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီကို ဥက္ကဋ္ဌအဖြစ် ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးလွန်းသီဖြင့်လည်းကောင်း၊

(ဍ) ကျန်းမာရေးမြှင့်တင်မှုနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုကော်မတီကို ဥက္ကဋ္ဌအဖြစ် ချမ်းအေးသာဇံ မဲဆန္ဒနယ်မှ ဒေါက်တာကျော်မြင့်ဖြင့် လည်းကောင်း၊

(ဎ) ပညာရေးမြှင့်တင်မှုကော်မတီကို ဥက္ကဋ္ဌအဖြစ် ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာ ချမ်းငြိမ်းဖြင့် လည်းကောင်း၊

(ဏ) တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာ ကော်မတီကို ဥက္ကဋ္ဌအဖြစ် ကန်ပက်လက် မဲဆန္ဒနယ်မှ သူရဦးအောင်ကိုဖြင့်လည်းကောင်း၊

(တ) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီကို ဥက္ကဋ္ဌအဖြစ် တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦး ဖြင့်လည်းကောင်း၊

(ထ) အမျိုးသမီးများနှင့်ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ရေးကော်မတီကို ဥက္ကဋ္ဌ အဖြစ် နမ့်ဆန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဆွေ ဖြင့်လည်းကောင်း၊

(ဒ) ပြုပြင်ပြောင်းလဲရေးနှင့်ခေတ်မီဖွံ့ဖြိုးတိုးတက်မှုစိစစ်ရေးကော်မတီကို ဥက္ကဋ္ဌအဖြစ် တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်းဖြင့်လည်းကောင်း တာဝန်ပေး ဖွဲ့စည်းရန်လျာထားပါတယ်။

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၉၊ နည်းဥပဒေ ၈၁ မှာလွှတ်တော်သည် လွှတ်တော်ကော်မတီများက လေ့လာသော အကြောင်းကိစ္စမှအပ အခြားအကြောင်းကိစ္စများ လေ့လာရန်လိုအပ်ပါက ကော်မရှင်နှင့်အဖွဲ့များကို လွှတ်တော် ကိုယ်စားလှယ်များဖြင့်ဖြစ်စေ၊ သင့်လျော်သည့် နိုင်ငံသားများထည့်သွင်း၍ဖြစ်စေ ဖွဲ့စည်းနိုင်သည်လို့ ဖော်ပြပါရှိပါတယ်။ ဒီဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ တည်ဆဲဥပဒေများအား စိစစ်သုံးသပ်ရေး ကော်မရှင်ကို ဥက္ကဋ္ဌအဖြစ် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာဖြင့် တာဝန်ပေးအပ် ဖွဲ့စည်းရန်လျာထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တင်ပြခဲ့တဲ့ ကော်မတီ နှင့်ကော်မရှင်များ တိုးချဲ့ဖွဲ့စည်းခြင်း၊ ဥက္ကဋ္ဌတာဝန်ပေးအပ်ခြင်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ တင်ပြပါ ကော်မတီ၊ ကော်မရှင်များ တိုးချဲ့ဖွဲ့စည်းခြင်းကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]**

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကသဘောတူတဲ့အတွက် တင်ပြပါကော်မတီနှင့် ကော်မရှင်များ တိုးချဲ့ဖွဲ့စည်းခြင်းကို အတည်ပြုကြောင်းနဲ့ကော်မတီ၊ ကော်မရှင်များ တိုးချဲ့ဖွဲ့စည်းမှုနဲ့စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀၊ နည်းဥပဒေ ၈၂ တို့အရ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နဲ့သက်တမ်းတို့ကို သတ်မှတ်နိုင်ရေးအတွက် ကျင်းပဆဲ လွှတ်တော်အစည်းအဝေးကာလ အတွင်း ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## လွှတ်တော်ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များအား ကော်မတီနှင့် ကော်မရှင်များသို့ ပြောင်းလဲတာဝန်ပေးအပ်ခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု လွှတ်တော်ရဲ့လုပ်ငန်းလိုအပ်ချက်အရ ပြီးခဲ့တဲ့လွှတ်တော်ပုံမှန်အစည်းအဝေးမှာ ဖွဲ့စည်းခဲ့တဲ့ လွှတ်တော်ကော်မတီဥက္ကဋ္ဌ၊အတွင်းရေးမှူး၊အဖွဲ့ဝင်များအား ကော်မတီနှင့်ကော်မရှင်များသို့ ပြောင်းလဲတာဝန် ပေးအပ်ခြင်းများကို အောက်ပါအတိုင်းဆောင်ရွက်လိုပါတယ် -

(က) လက်ရှိဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌအဖြစ်တာဝန်ထမ်းဆောင်လျက်ရှိတဲ့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား တည်ဆဲဥပဒေများ စိစစ်သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊

(ခ) ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးတီခွန်မြတ်အား ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌအဖြစ်လည်းကောင်း၊

(ဂ) ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးစောလှထွန်းအား ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူးအဖြစ် လည်းကောင်း၊

(ဃ) လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ဦးလှမြင့်ဦးအား နိုင်ငံတကာ ဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊

(င) လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင် ဒေါက်တာစိုးရင်အား လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူးအဖြစ်လည်းကောင်း ပြောင်းလဲတာဝန်ပေးအပ် သွားမည်ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တင်ပြခဲ့တဲ့ လွှတ်တော်ကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များ ကော်မတီနှင့်ကော်မရှင်များသို့ ပြောင်းလဲတာဝန်ပေးအပ်ခြင်းနှင့် စပ်လျဉ်းပြီး လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ အတည်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]**

လွှတ်တော်က သဘောတူတဲ့အတွက် လွှတ်တော်ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များအားကော်မတီနှင့်ကော်မရှင်များသို့ ပြောင်းလဲတာဝန်ပေးအပ်ခြင်းကို အတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တက်ရောက်ရန်အတွက် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေးဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို ဒီကနေ့ ၁၃၀၀ နာရီ အချိန်တွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမမှာကျင်းပမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး တက်ရောက်ဖို့ပြည်ထောင်စုလွှတ်တော်နာယက က ဖိတ်ကြားထားပါတယ်။

ယခု ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို မနက်ဖြန် ၂၀၁၁ ခုနှစ်၊ သြဂုတ်လ ၂၃ ရက် (အင်္ဂါနေ့)၊ ၁၀၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အချိန် ၊ ၁၁ း ဝ၂။**

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမမှ ပြန်လည်ထွက်ခွာတဲ့အခါ မိမိတို့လဲလှယ်ထားတဲ့ Voting Card များကို ကိုယ်စားလှယ်များရဲ့စိစစ်ရေးကတ်ပြားနဲ့ ပြန်လည်လဲလှယ်ယူဆောင်သွားကြပါရန်နှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးနေရာတွင် မိမိတို့၏ စိစစ်ရေးကတ်နှင့် ပြည်ထောင်စုလွှတ်တော် Voting Card များကို ပြန်လည်လဲလှယ်သွားရန်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး အစည်းအဝေးခန်းမအတွင်းမှ ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

**[**ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးပထမနေ့ကို ၁၁း၀၂ နာရီတွင် ရပ်နားပါသည်။**]**